# စစ်အုပ်စု၏ လေယာဉ်ဆီထောက်ပံ့ရေးကွင်းဆက်အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုအသစ်များ ညှိနှိုင်းချမှတ်ရန် Justice For Myanmar တောင်းဆို

တရားမဝင်မြန်မာစစ်အုပ်စု၏ လေယာဉ်ဆီထောက်ပံ့ရေးကွင်းဆက်တွင် ပါဝင်ပတ်သက်သည့် သင်္ဘောများနှင့် ကုမ္ပဏီများအပေါ် ပစ်မှတ်ထား ညှိနှိုင်းချမှတ်သည့် ဒဏ်ခတ်ပိတ်ဆို့မှုအသစ်များကို ချက်ချင်းချမှတ်ရန်နှင့် မြန်မာနိုင်ငံသို့ လေယာဉ်ဆီတင်ပို့မှုများကို အသေအချာ တားမြစ်ပိတ်ပင်ရန် အီးယူ၊ ယူကေ၊ ကနေဒါ၊ အမေရိကန်ပြည်ထောင်စုနှင့် ဩစတေးလျအစိုးရများအား Justice For Myanmar က တောင်းဆိုလိုက်သည်။

စစ်အုပ်စုနှင့် လေယာဉ်ဆီ ဆက်လက်ကုန်သွယ်နေခြင်းသည် မြန်မာပြည်သူများအပေါ် စစ်အုပ်စု၏ အကြမ်းဖက်လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နိုင်ရန် အားဖြည့်ပေးနေခြင်း ဖြစ်သည်။ စစ်အုပ်စု၏ အတုအယောင်ရွေးကောက်ပွဲ ပြင်ဆင်နေချိန်ကာလဖြစ်သည့် ၂၀၂၅ ခုနှစ် တစ်နှစ်တည်းတွင်ပင် မကြုံစဖူး များပြားလှသည့် လေကြောင်းတိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့သည်။ ယင်းလေကြောင်းတိုက်ခိုက်မှုများကြောင့် ကျောင်းများ၊ ဆေးရုံများနှင့် လူမှုအသိုင်းအဝိုင်းများ ပျက်စီးဆုံးရှုံးခဲ့ရပြီး၊ ကလေးငယ်များပါမကျန် အသက်ဆုံးရှုံးခဲ့ရသလို၊ လူအများအပြားလည်း နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

စစ်အုပ်စု၏ တရားမဝင်ထိန်းချုပ်မှုအောက်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည့် အချက်အလက်များအရ မြန်မာနိုင်ငံသို့ လေယာဉ်ဆီတင်သွင်းမှုသည် ၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မက်ထရစ်တန် ၆၄,၅၆၂ မှ ၁၄၀,၃၀၆ အထိ ရှိလာခဲ့ပြီး၊ နှစ်ဆကျော် တိုးလာခဲ့ကြောင်း ပြသနေသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International နှင့် ရိုက်တာသတင်းဌာန Reuters တို့၏ မကြာသေးမီက ထုတ်ပြန်ချက်များပါ သက်သေအထောက်အထားအသစ်များအရ အဆိုပါ လေယာဉ်ဆီတင်သွင်းမှုများသည် အီရန်ဆက်နွယ် "မှောင်ခိုသင်္ဘောအုပ်စု" များမှ လေယာဉ်ဆီ ပံ့ပိုးပေးမှုများကြောင့်သာ လုပ်ဆောင်နေနိုင်ခြင်းဖြစ်ကြောင်း ပြသနေသည်။

အစိုးရများအနေဖြင့် ယင်းအကြမ်းဖက်ထောက်ပံ့ရေးကွင်းဆက်၏ အဓိကအင်အားများဖြစ်သော သင်္ဘောများ၊ သင်္ဘောပိုင်ရှင်များ၊ စီးပွားရေးနှင့်အပြည်ပြည်ဆိုင်ရာ ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှု (ISM) မန်နေဂျာအဖွဲ့များ၊ လေယာဉ်ဆီသိုလှောင်ဆိပ်ကမ်းနှင့် စစ်အုပ်စု တရားမဝင်ထိန်းချုပ်ထားသော နိုင်ငံပိုင်စီးပွားရေး

လုပ်ငန်းတို့အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများကို အရေးတကြီး တိုးချဲ့ချမှတ်ရန် ယခုပင်လုပ်ဆောင်ရမည် ဖြစ်သည်။ ထိုသို့ အရေးယူ ဆောင်ရွက်ခြင်းသည် စစ်အုပ်စု၏ အရပ်သားပြည်သူများအပေါ် လေကြောင်း တိုက်ခိုက်မှုများ ဆက်လက် လုပ်ဆောင်နိုင်စွမ်းအား အဟန့်အတားဖြစ်စေရုံသာမက၊ အီရန်အစိုးရက ငြိမ်းချမ်းစွာဆန္ဒပြသူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ကာ ရက်ရက်စက်စက် ဖြိုခွင်းနေချိန်၌ အီရန် နိုင်ငံ၏ လောင်စာဆီ တင်ပို့နိုင်စွမ်းကို ကန့်သတ်ရန်ရည်ရွယ်ထားသည့် လက်ရှိပိတ်ဆို့အရေးယူမှုများကို လည်း ပိုမိုခိုင်မာ အားကောင်းစေမည် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International ၏ မကြာသေးမီက သုတေသန အပေါ် အခြေခံ၍ Justice For Myanmar သည် မြန်မာနိုင်ငံသို့ လေယာဉ်ဆီသယ်ယူပို့ဆောင်ရာတွင် ပါဝင် ပတ်သက်မှုရှိခဲ့သည့် အောက်ပါသင်္ဘောများအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများချမှတ်ရန် တောင်းဆိုပါသည်။

၁။ ၂၀၂၃ နှင့် ၂၀၂၄ ခုနှစ်များတွင် မြန်မာနိုင်ငံသို့ လေယာဉ်ဆီ ၉ ကြိမ် တင်ပို့ခဲ့သည့် BARAAWE 1၊ IMO နံပါတ် 9646479 (ယခင်အမည် MT. HUITONG 78 / ZHOU HAI YOU 78)။

၂။ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လေယာဉ်ဆီတင်ပို့မှု တစ်ကြိမ် ပြုလုပ်ခဲ့သည့် LS MERCURY၊ IMO နံပါတ် 9657507 (ယခင်အမည် MT. YONG SHENG 56)။

၃။ ၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်များတွင် မြန်မာနိုင်ငံသို့ လေယာဉ်ဆီ ၃ ကြိမ် တင်ပို့ခဲ့သည့် REEF၊ IMO နံပါတ် 9263382 (ယခင်အမည် BALTIC HORIZON နှင့် PETRA)။

၄။ ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လေယာဉ်ဆီ ၄ ကြိမ် တင်ပို့ခဲ့သည့် NOBLE၊ IMO နံပါတ် 9162928 (ယခင်အမည် ASTRA၊ TRAA3 နှင့် HURON)။

၂၀၂၃ ခုနှစ်မှစတင်၍ ဥရောပသမဂ္ဂ၊ ယူကေ၊ ကနေဒါ၊ အမေရိကန်နှင့် ဩစတြေးလျ အစိုးရများက လေယာဉ်ဆီထောက်ပံ့ရေးကွင်းဆက်အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့သော်လည်း စစ်အုပ်စုနှင့် ၎င်းတို့ ကို ပံ့ပိုးကူညီနေသူများသည် ဒဏ်ခတ်ပိတ်ဆို့မှုများကို ရှောင်ရှားရန်နှင့် လေယာဉ်ဆီတင်ပို့မှုများကို ဖုံးကွယ် ရန် နည်းလမ်းအသစ်များကို အသုံးပြုလာခဲ့ကြသည်။

ဒဏ်ခတ်ပိတ်ဆို့မှုများကို ရှောင်ရှားသည့်နည်းလမ်းများကို တုံ့ပြန်တားဆီးရန်နှင့် အဟန့်အတားဖြစ်စေသည့် ခိုင်မာသောသတင်းစကားပါးနိုင်ရန်အတွက် အများပြည်သူသိရှိနိုင်သော အချက်အလက်များအပေါ် အခြေခံ၍ အထက်ဖော်ပြပါသင်္ဘောများ၏ ပိုင်ရှင်များနှင့် မန်နေဂျာများအပါအဝင် လေယာဉ်ဆီ သို့လှောင်

တင်ပို့ဆိပ်ကမ်းတစ်ခုနှင့် စစ်အုပ်စု၏ လေယာဉ်ဆီတင်သွင်း၊ သိုလှောင်နှင့် ဖြန့်ချိရေးဆိုင်ရာ အဓိကအဖွဲ့အစည်းတို့ကို ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ရန် Justice For Myanmar က တောင်းဆိုပါသည်။

၁။ မာရှယ်ကျွန်းစုတွင် အခြေစိုက်သည့် Abu Marine Co. Ltd. သည် BARAAWE 1 သင်္ဘော၏ ပိုင်ရှင်ဖြစ်သည်။

၂။ ယူအေအီးနိုင်ငံတွင် အခြေစိုက်သည့် Pacific Light Operation and Ship Management သည် BARAAWE 1 သင်္ဘော၏ ISM မန်နေဂျာဖြစ်သည်။

၃။ ဗီယက်နမ်နိုင်ငံတွင် အခြေစိုက်သည့် Allsea Management JSC သည် MERCURY သင်္ဘော၏ စီးပွားရေး ဆိုင်ရာမန်နေဂျာနှင့် ISM မန်နေဂျာဖြစ်သည်။

၄။ ဗီယက်နမ်နိုင်ငံတွင် အခြေစိုက်သည့် Legendsea Co. Ltd. သည် MERCURY သင်္ဘော၏ ပိုင်ရှင်ဖြစ်သည်။

၅။ ယူအေအီးနိုင်ငံတွင် အခြေစိုက်သည့် Sea Route Ship Management FZE သည် NOBLE သင်္ဘောနှင့် REEF သင်္ဘောတို့ ၏ ISM မန်နေဂျာနှင့် စီးပွားရေးဆိုင်ရာမန်နေဂျာ ဖြစ်သည်။

၆။ ယူအေအီးနိုင်ငံတွင် အခြေစိုက်သည့် Amethyst Maritime Ventures SA သည် REEF သင်္ဘော၏ ပိုင်ရှင်ဖြစ်သည်။

၇။ ယူအေအီးနိုင်ငံတွင် အခြေစိုက်သည့် Sea Hill Maritime SA သည် NOBLE သင်္ဘော၏ ပိုင်ရှင်ဖြစ်သည်။ Amethyst Maritime Ventures SA နှင့် Sea Hill Maritime SA တို့သည် Sharjah မြို့ရှိ Hamriyah အခွန်လွတ်အထူးစီးပွားရေးဇုံအတွင်း တူညီသောလိပ်စာဖြင့် မှတ်ပုံတင်ထားကြသည်။

၈။ Hai Linh Co. Ltd. သည် ဗီယက်နမ် ကုမ္ပဏီတစ်ခုဖြစ်ပြီး ရေနံသိုလှောင်ဆိပ်ကမ်း Cai Mep Petroleum Terminal ကို ကြီးကြပ်လုပ်ကိုင်သည်။ **Amnesty International ၏ တွေ့ရှိချက်အရ** ယင်းဆိပ်ကမ်းကို မြန်မာနိုင်ငံသို့ လေယာဉ်ဆီ တဆင့်ပြန်လည်တင်ပို့ရန်နှင့် အမှန်တကယ် ပို့ဆောင်မည့်နေရာကို ဖုံးကွယ်ရန် တို့အတွက် အသုံးချခဲ့ကြောင်း တွေ့ရှိခဲ့သည်။

၉။ Myanma Petrochemical Enterprise (MPE) သည် စစ်အုပ်စုမှ တရားမဝင်ထိန်းချုပ်ထားသည့် နိုင်ငံပိုင်လုပ်ငန်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံရှိ လေယာဉ်ဆီထောက်ပံ့ရေးကွင်းဆက်ကို ထိန်းချုပ်ထားသည်။ ယင်းလုပ်ငန်းသည် လေယာဉ်ဆီထုတ်လုပ်သည့် မန်းရေနံချက်စက်ရုံကို ကြီးကြပ်လုပ်ကိုင်နေပြီး၊ ပြင်းထန်စွာပိတ်ဆို့အရေးယူခံထားရသည့် Myan Oil အုပ်စု (ယခင်အမည် Shoon နှင့် Asia Sun) နှင့် ပူးတွဲ၍ လေယာဉ်ဆီ တင်သွင်း၊ သိုလှောင်နှင့် ဖြန့်ချိရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။

REEF နှင့် NOBLE သင်္ဘောများသည် တရားမဝင်ကုန်စည်များကို လျှို့ဝှက်သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် အီရန်ရေယာဉ်ကွန်ယက်၏ အစိတ်အပိုင်းများဖြစ်ကြောင်း **သတင်းများတွင် ဖော်ပြထားပြီး**၊ ၎င်းသင်္ဘောနှစ်စင်းလုံးသည် အီရန်နိုင်ငံမှ ဒဏ်ခတ်ပိတ်ဆို့ခံထားရသော လောင်စာဆီများကို သယ်ယူပို့ ဆောင်ခဲ့သည့် မှတ်တမ်းများရှိသည်။

အီရန်ရေနံဓါတုထုတ်ကုန်များကို ကုန်သွယ်ရောင်းဝယ်မှုဖြင့် Sea Route Ship Management FZE နှင့်အတူ NOBLE နှင့် REEF သင်္ဘောများကို ၂၀၂၄ ခုနှစ်တွင် အမေရိကန်အစိုးရက **ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့**သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International သည် Justice For Myanmar ၏ သုတေသနပံ့ပိုးကူညီမှုဖြင့် "မရဏကုန်စည်" ဟု ခေါ်သော **အစီရင်ခံစာတစ်စောင်** ထုတ်ပြန်ခဲ့ပြီး၊ မြန်မာစစ်တပ်၏ လေယာဉ်ဆီထောက်ပံ့ရေးကွင်းဆက်နှင့် ယင်းကွင်းဆက်သည် ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုကြီးများ ကျူးလွန်မှုနှင့် ဆက်စပ်နေမှုများကို ဖော်ထုတ်ခဲ့သည်။ ထို့နောက်ပိုင်း ၂၀၂၄ ခုနှစ် **ဇန်နဝါရီလ**နှင့် **ဇူလိုင်လ**များတွင် ထုတ်ပြန်ခဲ့သည့် Amnesty ၏ နောက်ဆက်တွဲ အစီရင်ခံစာများတွင်လည်း လေယာဉ်ဆီ၏ မူလဇစ်မြစ်ကို ဖုံးကွယ်ရန်အတွက် တိုက်ရိုက်ရောင်းချခြင်းနည်းလမ်းမှ လောင်စာဆီကို အကြိမ်ကြိမ် ဝယ်ယူရောင်းချခြင်းနည်းလမ်းများသို့ ပြောင်းလဲကာ လေယာဉ်ဆီတင်ပို့မှုများကို မည်သို့ဆက်လက်လုပ်ဆောင်နေကြောင်းကို အသေးစိတ်ဖော်ပြထားသည်။

Justice For Myanmar သည် စစ်တပ်အား လေယာဉ်ဆီပံ့ပိုးပေးသူများအား အရေးယူခြင်းကို ယခင်ကလည်း **ကြိုဆိုခဲ့ပြီး**၊ မြန်မာနိုင်ငံအပေါ် လေယာဉ်ဆီဆိုင်ရာ ဒဏ်ခတ်ပိတ်ဆို့မှုများကို လိုက်နာကျင့်သုံးရန် **အစိုးရများအား** **အကြိမ်ကြိမ်** တောင်းဆိုခဲ့သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "ဗီယက်နမ်ကနေ အီရန်အထိ ကျယ်ပြန့်တဲ့ ထောက်ပံ့ရေးကွင်းဆက်တစ်ခုက မြန်မာစစ်တပ်ရဲ့ နိုင်ငံတကာရာဇဝတ်မှုတွေကို လောင်စာဖြည့်ပေးနေပြီး၊ မြန်မာပြည်သူတွေကို လေကြောင်းတိုက်ခိုက်မှုတွေနဲ့ အကြမ်းဖက်နိုင်ဖို့ အားပေးကူညီနေပါတယ်။

ဗီယက်နမ် ပါဝင်ပတ်သက်နေမှုကလည်း အာဆီယံရဲ့ ပျက်ကွက်မှုကို ထင်ရှားစေပါတယ်။ အာဆီယံရဲ့ ပျက်ကွက်မှုက မြန်မာအကျပ်အတည်းအပေါ် ထိရောက်တဲ့ နိုင်ငံတကာတုန့်ပြန်ဆောင်ရွက်မှုကို ဆက်လက်ဟန့်တားနေပြီး၊ တချိန်ထဲမှာပဲ အဖွဲ့ဝင်နိုင်ငံအချို့ကတော့ အကျိုးအမြတ်တွေ ရယူနေကြပါတယ်။

မြန်မာစစ်တပ်ဆီကို ရောက်ရှိလာတဲ့ လေယာဉ်ဆီတင်ပို့မှုတိုင်းက သူတို့ရဲ့ စစ်လေယာဉ်တွေကို ဝေဟင်က နေ မြန်မာပြည်သူတွေအပေါ် အကြမ်းဖက်နိုင်စေဖို့ အားပေးကူညီနေတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီစစ်ဆင်ရေး တွေကို ညှိနှိုင်းပေါင်းစပ်အရေးယူမှုတွေကတဆင့် တားဆီးနိုင်ပါတယ်။ ဒီကိစ္စမှာ ပါဝင်ပတ်သက်နေတဲ့ သင်္ဘောတွေ၊ ၎င်းတို့ရဲ့ ပိုင်ရှင်တွေ၊ မန်နေဂျာတွေနဲ့ အခြားအဖွဲ့အစည်းတွေကို တရားစီရင်ပိုင်ခွင့်ရှိတဲ့ နိုင်ငံ အသီးသီးမှာ ပိတ်ဆို့အရေးယူမှုတွေ လုပ်ဆောင်နိုင်သလို၊ မဖြစ်မနေလည်း လုပ်ဆောင်ရမှာဖြစ်ပါတယ်။

လက်ရှိအချိန်အထိ ကနေဒါနိုင်ငံတစ်နိုင်ငံတည်းကသာ မြန်မာနိုင်ငံကို လေယာဉ်ဆီတင်ပို့ခြင်း၊ ရောင်းချခြင်း၊ ပံ့ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်းတွေကို ပိတ်ပင်ထားပြီး၊ လေယာဉ်ဆီသယ်ယူပို့ဆောင်မှုအတွက် ရေကြောင်းအာမခံဝန်ဆောင်မှုပေးခြင်းကိုပါ ပိတ်ပင်ဖို့ လုပ်ဆောင်ထားပါတယ်။ ဒီသွေးစွန်းနေတဲ့ ကုန်သွယ် မှုကို အဆုံးသတ်နိုင်ဖို့ အခြားအစိုးရတွေအနေနဲ့လည်း ကနေဒါနိုင်ငံရဲ့ ဦးဆောင်မှုအတိုင်း လိုက်နာ လုပ်ဆောင်ရပါမယ်။

စစ်အုပ်စုရဲ့ အဆက်မပြတ် သတ်ဖြတ်တာတွေကို ပံ့ပိုးပြီး၊ အကျိုးအမြတ် ရရှိနေတဲ့ ဒီသင်္ဘောတွေနဲ့ ကုမ္ပဏီ တွေကို အရေးယူဆောင်ရွက်မှုတွေ အဆောတလျင် လုပ်ဆောင်နိုင်မှုအပေါ် မြန်မာပြည်သူတွေရဲ့ အသက် အိုးအိမ်စည်းစိမ်က မှီခိုနေတာ ဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

**အမှားပြင်ဆင်ချက်** (၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)။ စစ်အုပ်စုတရားမဝင် ထိန်းချုပ်မှုအောက်ရှိ မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသော အချက်အလက်များအရ ၂၀၂၅ ခုနှစ်တွင် လေယာဉ်ဆီတင် သွင်းမှုမှာ မက်ထရစ်တန် ၁၄၀,၃၀၆ တန်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့သည်။

**ပိုမိုသိရှိရန်**

**Justice For Myanmar** သည် သုတေသနပြုလေ့လာခြင်း၊ ဒေတာအချက်အလက်များကို ပုံဖော်ခြင်းနှင့် အစီရင်ခံခြင်းတို့ဖြင့် ရက်စက်ကြမ်းကြုတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် ကျယ်ပြောလှသည့် အတိဒုက္ခရောက်မှု များမှ အကျိုးအမြတ်ရရှိနေသော ကုမ္ပဏီများနှင့် ရာဇဝတ်ကောင်များကို ဖော်ထုတ်ရန်အတွက် ဆောင်ရွက် နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်သည်။

**media@justiceformyanmar.org** | **https://www.justiceformyanmar.org/**

**https://bsky.app/profile/justiceformyanmar.org** |

**https://www.facebook.com/justiceformyanmar.org/**